

ရွှေဘုံစံ

# ကကြိုးစုံတဲ့ ချစ်လိပ်ပြာ

စာရေးသူ ရွှေဘုံစံ

ဝတ္ထုအမည် ကကြိုးစုံတဲ့ချစ်လိပ်ပြာ

အပိုင်း (၁)

"မိခက်ရေ မိခက်"

"ရှင် ..."

"လာဦး လာဦး အမလေး လာပါဦး"

မေကြီး၏ ခပ်မာမာခေါ်သံကြောင့် ခက်ခက်တစ်ယောက် ခန္ဓာကိုယ်လေး ယို့ကာ ရှေ့ရောက်ချလာသည်။

"ဒါကြမ်းတိုက်ထားတာလား ဟမ် ... ဒီမှာလေ ရေစက်တွေ နင်ဒါတွေမမြင်ဘူးလား ဖြေလေ"

"ခက် တိုက်ပြီးသားပါမေကြီး ဒီရေစက်တွေ ခက်ပြန်တိုက်လိုက်ပါ့မယ်"

"သွား မြန်မြန်သွက်သွက်လုပ် ..."

"ဟုတ်"

မေကြီးရှေ့မှ ခက်သွက်သွက်လေး ထွက်လာသော ခက်ခက်။

ကြမ်းတိုက်တုတ်လေးယူကာ ရေစက်အချို့သုတ်နေစဉ် ...

"ဟယ် မေ့သမီးလေး ခုထိ မနိုးသေးဘူး ထင်ပါရဲ့ ..."

ဒေါ်စန္ဒီစစ် အပေါ်ထပ်တက်ရန်အပြင် လှေကားလေးအတိုင်းဆင်းလာသော သမီးဖြစ်သူ ရှင်စစ်သွေး။

"နိုးနေပါပြီမေမေ သမီးရေချိုးနေလို့"

"ဩော် ... လာ လာ မနက်စာစားစို့ ခဏနေ ကျောင်းသွားရဦးမယ် မဟုတ်လား"

"ဟုတ်"

မိခင်ဖြစ်သူနှင့်အတူ တွဲဆင်းလာသော ရှင်စစ်။

"ဟဲ့ မိခက်"

"ရှင် ..."

"ညည်းညီမလေးအတွက် မနက်စာပြင်ပေးလိုက် သွားမြန်မြန်"

"ဟုတ် ..."

ခက်ခက် မီးဖိုခန်းထဲဝင်ရန် ကြမ်းတိုက်တုတ်လေး သိမ်းနေစဉ် ...

"နေပါစေမေမေ သမီးဘာသာပဲ လုပ်လိုက်ပါ့မယ် ... မခက်က ကျောင်းသွားဖို့ ပြင်ရဦးမယ်လေ"

"အို မေ့သမီးက ဒါတွေလုပ်စရာမလိုပါဘူး ဒီလက်ဖဝါးနုနုက ရွှေထွက်မှာလေ အဟင်း ဟင်း ... ဟဲ့ မိခက် ဘာရပ်လုပ်နေတာလဲ သွား သွား မနက်စာ သွားပြင်ချေ"

"ဟုတ် ..."

"လာ သမီးကို မေမေကိုယ်တိုင် ခေါင်းစည်းပေးမယ်"

ရှင်စစ်သွေး၏ ရှည်လျားလွန်းလှသော ဆံကေသာလေးအား ဒေါ်စန္ဒီ လှလှပပ စုစည်းပေးနေလိုက်သည်။

မီးဖိုခန်းထဲ၌ မနက်စာပြင်နေသော ခက်ခက်။

မကြာလိုက်ပါ မေကြီးနှင့် ရှင်စစ်ကို မနက်စာစားရန် ပြင်ပေးအပြီး ခက်

ခက်အပေါ်ထပ် တက်လာလိုက်သည်။ အခန်းထဲဝင်ကာ ကျောင်းဝတ်စုံလေးထုတ်၍ ပြင်ဆင်လိုက်သည်။

ဆံပင်အား ခင်မြင့်မြင့်စည်းတင်ကာ ဆံထုံးလေးထုံး၍ အနေအထား လုပသွားသည်ဆိုမှ လွယ်အိတ်ထဲ စာအုပ်များစစ်၍ ထည့်လိုက်သည်။

"ဂျောက် ..."

အခန်းတံခါးဖွင့်သံကြောင့် ခက်ခက် နောက်လှည့်ကြည့်မိလိုက်စဉ် ...

ရှင်စစ် အခန်းထဲဝင်လာသဖြင့် ခက်ခက် ဥပေက္ခာ ပြုထားလိုက်သည်။

"မနက်စာစားဖို့ ..."

ချိုင့်လေးအား ခက်ခက်ထံ ကမ်းပေးလာသဖြင့် ခက် တင်းမာသောမျက်နှာထားနှင့် ရှင်စစ်အား ကြည့်လိုက်သည်။

"နင်က အခု ငါ့ကိုသနားနေတာလား ရှင်စစ် ဟမ် ... ... နင့်အခြေအနေက ငါ့ကိုသနားဖို့ရော သင့်ရဲ့လား နင့်ကိုယ်နင်ပြန်သနားရမှာ ခွေးမလေးရဲ့"

စကားအဆုံး ချိုင့်လေးယူကာ အမှိုက်ပုံးထဲထည့်လိုက်သော ခက်ခက်။

"အဲဒီသဘောမျိုးမဟုတ်ပါဘူး ခက်ရယ် နင်မနက်စာ မစားရသေးဘူး ထင်လို့ပါ"

"ဟား ... ... ငါ့မှာ ဝယ်စားနိုင်တဲ့အခြေအနေ ရှိတယ်နော် နင်မေ့နေမှာစိုးလို့ သတိထပ်ပေးတာ နောက်တစ်ခါ နင့်မျက်လုံးထဲမှာ ငါ့ကိုသနားစရာသတ္တဝါလေးတစ်ကောင်လို ကြည့်ရင် နင့်မျက်လုံးတွေ ဖောက်ထုတ်ပစ်မယ်"

လွယ်အိတ်လေးယူကာ ရှင်စစ်အား အားပါပါဆောင့်တိုက်၍ အခန်းထဲမှ ထွက်လာလိုက်သည်။

လမ်းလေးအတိုင်းလျှောက်၍ ကျောင်းကိုလာလိုက်သည်။ နံဘေးမှဖြတ်

သွားသော ရှင်စစ်လိုက်ပါလာသည့် ကားလေးအားကြည့်၍ ခက်ခက် မျက်နှာအားမဲ့လိုက်သည်။

ကျောင်း၌ ရှင်စစ်က ခင်မည့်သူပေါ်များသည်။ ငွေပေါပေါပေးသုံးသော မိခင်ကြောင့် အပေါင်းအသင်းများက ရှင်စစ်အနားကမခွာ။ ခက် ခက်၏အနေအထိုင်က အေးစက်သောကြောင့် အပေါင်းအသင်း နည်းပါး သည်။ ဒါတင်မက ခက်က မည်သူနှင့်မှမရောပေ။

"ဟေး ရှင်စစ် ... နင့်အိတ်လေးက လှလိုက်တာ"

"ဟယ် ဟုတ်သားပဲ နင့်မေမေ ဝယ်ပေးတာလား"

"ဟင့်အင်း ဖေဖေပို့ပေးတာ"

ရှင်စစ်စကားအဆုံး ခက်ခက်အား လှမ်းကြည့်လာသေးသည်မို့ ခက်ခက် မျက်နှာ လွှဲပစ်လိုက်သည်။

"ခက် ..."

ရှင်စစ်၏ခေါ်သံကြောင့် ခက် မေးဆတ်ပြလိုက်သည်။

"ဟို ငါမုန့်သွားဝယ်မလို့ လိုက်ဦးမလား ဒါမှမဟုတ် မှာလိုက်ပါလား ငါ ဝယ်ခဲ့မယ်လေ"

ခက် လက်လေးခါကာ ထွက်သွားဆိုသည့် ဟန်လေးပြလိုက်တော့မှ ရှင် စစ် ထွက်သွားလေတော့သည်။

"ဟဲ့ ရှင်စစ် ... ခက်က နင့်အစ်မရော ဟုတ်ရဲ့လား အေးတိအေးစက်နဲ့ ပြီး တော့ နင့်လိုလည်း မပြည့်စုံသလိုပဲ"

"ဟုတ်ပါတယ်ဟ ငါတို့က ညီအစ်မတွေပါ ... ခက်က အဲဒီလို သူ ပြည့်ပြ ည့်စုံစုံမနေဘူး သူ့နေပုံကတစ်မျိုးဟ"

"ထင်သားပဲ တစ်မျိုးကြီးဆိုတာကို"

တိုးတိုးတိတ်တိတ် ကြားလိုက်ရသော စကားသံတွေကြောင့် ခက် စိတ်တွေ ရှုပ်ထွေးလာသည်။ အတန်းထဲမှထ၍ ထွက်လာပြီး ဖုန်းလေးထုတ်ကာ ဖေဖေ့ထံ ဖုန်းလေးခေါ်လိုက်သည်။

"တူ... တူ... တူ..."

"ဟဲလို သမီးခက် ..."

ဖေဖေ့အသံအား ကြားလိုက်ရသဖြင့် ခက် မငိုမိအောင် မနည်း ထိန်းထားလိုက်ရသည်။

"ဖေဖေ နေကောင်းပြီလားဟင်"

ခက်၏ဖျော့တော့တော့မေးခွန်းကြောင့် ...

"သက်သာပါတယ် သမီးရဲ့ ... ဒီနေ့ ကျောင်းမသွားဘူးလား သမီး ... ဘယ်မှာလဲအခု"

"ကျောင်းမှာ ဖေဖေ့ကို သတိရလာလို့"

"အမလေး ဖေဖေ့သမီးလေးက မနက်စောစော အားဆေးတွေ တိုက်နေတာပဲ ... ဖေဖေလည်း သတိရတာပေ့ါကွယ် ဖေဖေ ပြန်လာချင်နေပြီ ခက်ရဲ့"

"သမီးကို စိတ်ချပါဖေဖေရဲ့ ဖေဖေ့ကျန်းမာရေးကိုသာ ဂရုစိုက်ပါ ... ဖေဖေက နေမှမကောင်းတာ သမီးစိတ်ပူတယ်"

"ဖေဖေကလည်း စိတ်ပူတာပေ့ါဗျာ ဒါနဲ့ သမီး အဆင်ရောပြေရဲ့လား မေကြီးနဲ့"

ကျလုနီးပါးမျက်ရည်အား မျက်တောင်နှင့်ပုတ်ခတ်ထုတ်ကာ ...

"ပြေတာပေ့ါဖေဖေရဲ့"

"မေကြီးနဲ့ အဆင်ပြေပြေနေနော် ဖေဖေက အဝေးမှာဆိုတော့ သမီးကို

မကြီးရယ် ရှင်စစ်ရယ်ကပဲ အနီးကပ် စောင့်ရှောက်နိုင်မှာ သမီးရဲ့ ... လိမ်လိမ်မာမာနေနော်"

"ဟုတ်"

ဖေဖေ့အသံလေး ကြားလိုက်မှ လွမ်းသည့်စိတ်က ပိုလာသဖြင့် ခက် ဖုန်းကို ချလိုက်ရသည်။

"အား ... ... ... အဟင့် အဟင့် ဟင့် ... ဖေဖေ ... ..."

ထိုနေရာ၌ပင် ထိုင်၍ ငိုချပစ်လိုက်သည်။

ခက်ခက်အား ထောင့်အကွယ်တစ်နေရာမှ ကြည့်နေသော ရှင်စစ်သွေး။

ဒေါ်စန္ဒီစစ်ဆိုသူမှာ ဖေဖေ့နောက်အိမ်ထောင် ဖြစ်သည်။ မေမေဆုံးပြီး ၆နှစ်အတွင်း ဖေဖေ နောက်အိမ်ထောင်ပြုခဲ့သည်။ ဖေဖေအိမ်ထောင်ပြုပြီး ၁နှစ်အထိက မိသားစုစုံလင်စွာ အတူရှိခဲ့သဖြင့် နာကျင်ခြင်းမရှိပျော် ရွှင်ခြင်းအတိ ပြီးခဲ့သည်။

ထိုစဉ်က ဒေါ်စန္ဒီစစ်၏မျက်နှာဖုံး ကွာမကျသေးပေ။ ကံဆိုးမှုတွေ ဖိတ်မခေါ်ဘဲ ရောက်လာသည့်ထိုနေ့ ဖေဖေပြည်ပ၌ နာတာရှည်ရောဂါတစ်ခုကို ယနေ့ထိတိုင် ကုသနေရသည်။ ဖေဖေ ခက်ခက်လေးကို ခုလိုဒုက္ခတောထဲ၌ သုခပြီးသည်ထင်၍ ထားခဲ့ပုံရသည်။

ဒေါ်စန္ဒီ၏ဖခင်နောက်ကွယ်၌ ခက်အားနှိမ့်ချပြောဆိုပုံက ဖေဖေရှိစဉ်ကနှင့် လားလားမှမဆိုင်ပေ။ ထိုချိန်မှစ၍ ရှင်စစ်သွေးကို ခက် မုန်းစပြုလာသည်။ ရှင်စစ်နှင့်ယခင်က နွေးထွေးသော ဆက်ဆံရေးမှာ ဒေါ်စန္ဒီစစ်ကြောင့် အေးစက်သော ဆက်ဆံရေးအနေအထားသို့ ပြောင်းလဲလာသည်။ ဒေါ်စန္ဒီစစ်နှိမ့်ချလေ ရှင်စစ်အား ခက်တစ်ယောက်မုန်းလေ ရင်ခွင်တစ်နေရာ၌ ညီမလေးတစ်ယောက်နေရာ မပေးနိုင်တော့လေ။ ရှင်စစ်ကတော့

မိခင်နှင့်ကွဲလွဲသည်။

ဒဏ်ရာတွေက ဤမျှနက်ရှိုင်းခဲ့သည်။

***

"ရှင်စစ်ရေ သမီး ..."

မေမေ့ခေါ်သံကြောင့် အခန်းထဲမှ ထွက်လာကာ ...

"ရှင် မေမေ"

"မေမေတို့ ညစာ အပြင်ထွက် စားရအောင်ကွယ် နော်"

"ဟုတ် မေမေ ဒါဆို သမီး ပြင်လိုက်မယ်နော်"

အခန်းထဲပြန်ဝင်လာစဉ် အဝတ်များလျှော်၍ တက်လာသော ခက်ခက်ကြောင့် ရှင်စစ်အားနာဟန်လေး ဖြစ်သွားသည်။

"ဟို ..."

ရှင်စစ်စကားပြောရန် ဟန်ပြင်ကာရှိသေး ခက် အခန်းထဲဦးစွာ ဝင်သွား၍ အဝတ်အစား လဲလိုက်သည်။

"ခက် ..."

ရှင်စစ်၏ခေါ်သံကို ဥပေက္ခာပြုကာ အဝတ်အစားလဲ၍ အဝတ်စိုများ သိမ်းနေသော ခက်။

အဝတ်ခြင်းလေးယူကာ အပြင်ပြန်ထွက်သွား လေတော့သည်။ အခန်းထဲ၌ ယောင်ချာချာ ကျန်ရစ်ခဲ့သော ရှင်စစ်။

"ခက်ရယ် တောင်းပန်ပါတယ်"

သိပ်မကြာလိုက်ပါ ရှင်စစ်နှင့် ဒေါ်စန္ဒီ ညစာစားရန် ထွက်သွားလေတော့သည်။

ထိုစဉ် အိမ်၌ခေါ်ထားသော အန်တီမိုးက အပြေးအလွှား အနားလာကာ ...

"သမီးလေး သမီးခက် ... ဒါတွေထားခဲ့ ထား ထား အန်တီလုပ်လိုက်မယ် သမီးညစာ သွားစားတော့လေ"

ယခင်နှင့်မတူ အနေအထား ကြမ်းတမ်းလာသော ခက်ခက်။

အန်တီ့လက်ထဲမှ အဝတ်လေးပြန်ဆွဲယူကာ စားပွဲအား ဆက်၍ သုတ်နေလိုက်သည်။ ခက်၏စိတ်က အနှိမ်ခံရသည်မို့ မည်သူမှ သနားသည်ကိုမခံပေ။ မာနကိုတင်း အံကိုကြိတ်ကာ ဒဏ်ရာတွေ ဟန်ဆောင်ဖုံးကွယ်ထားသည်။ သူမဘယ်လောက် ပြိုလဲနေကြောင်း သူမအသိဆုံး ဖြစ်လိမ့်မည်။

ခက် သန့်ရှင်းရေးပြီးမှ ညစာလေးပြင်၍ စားလိုက်သည်။

ညစာစားရင်း ကျလာသော မျက်ရည်ကြောင့် ရေဘူးလေးအဝေးသို့ လွှင့်ပစ်ပေါက်ချလိုက်သည်။

"... ... ..."

ခက်ခက်အား မီးဖိုခန်းပြင်မှကြည့်နေသော အန်တီမိုး။

ဒီကလေးလေး ဘယ်လောက်နာကျင်နေလဲဆိုတာ ကျွန်မအသိဆုံးပေါ့။

***

မနက်စောစော စက်ဘီးလေးနင်းကာ ဈေးထဲမှပြန်လာသော ခက်ခက်။ ဆောင်းဦး အငွေ့အသက်က အေးစိမ့်စိမ့်လေးမို့ ပူလောင်သမျှ နှလုံးသားထဲက အစိုင်အခဲအားလုံး အရည်ပျော်သွားသည့်နယ်။ စက်ဘီးလေးနင်း၍ စိတ်၏ကြည်နူးခြင်းများ ခံစားနေစဉ် ...

"ဂျောက် ..."

ချိန်းကြိုးအကျ ဘီးက ခဲတစ်လုံးအား နင်းမိသွား၍ ဖရိုဖရဲ လဲကျသွားလေ

တော့သည်။

"အို ... အား ... ..."

"ဂျောင်း ... ..."

ရှေ့ခြင်းထဲမှ ဟင်းရွက်နှင့် အသားအချို့ ထွက်ကျကုန်သည်။

"အဆင်ပြေရဲ့လားဗျ"

ခက်တစ်ယောက် လဲကျရာမှထရန် ခက်ခဲနေစဉ် အနောက်ဘက်မှ အသံတစ်ခုကြောင့် လှည့်ကြည့်မိသွားသည်။

"ရပါတယ် ကျွတ် ... ကျွတ် ..."

ဒူး၌ သွေးဆို့နေသည်ကိုမြင်သွားသော သိုင်းသစ်လွန်း။

"ကြည့်ရတာတော့ အဆင်မပြေလောက်ဘူးဗျ ကျွန်တော်တွဲထူပေးပါ့မယ်"

ပြောပြောဆိုဆိုနှင့် ခက်၏လက်မောင်းအားတွဲ၍ ထူလိုက်သည်။ ခက်လည်း ငြင်းရန်ခက်နေသည်။ အဘယ်ကြောင့်ဆိုသော် ခြေထောက်ကထောက်ရခက်နေသည်မို့ပင်ဖြစ်၏။

"ဆောင်းရာသီနဲ့ဒီအနာနဲ့ဆိုရင် ရင်းတော့မှာပဲဗျ"

ဂရုတစိုက်လေးဆိုလာသော ထိုလူသားအား ခက် ကြည့်မိလိုက်သည်။

အညိုရောင်ဆံကေသာက ဒီလောက်ပြည့်စုံတဲ့မျက်နှာလေးကို ပံ့ပိုးပေးထားမှန်း မြင်ရုံနှင့် သိသာသည့်အနေအထား။ ယောကျ်ားဆန်ဆန်မျက်နှာအနေအထားကြောင့် ခက်တစ်ယောက် ချက်ချင်း အကြည့်လွှဲကာ အရှက်ပြေ စက်ဘီးလေး ဆွဲယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျ ... လမ်းလျှောက်ရခက်မယ်ထင်တယ် ကျွန်တော် တွန်းပေးရမလားဗျ စက်ဘီးက တွန်းရဦးမယ်ဆိုရင် အဆင်မပြေလောက်ဘူး ထင်လို့ပါ"

"နေပါစေ ခက်ဘာသာ သွားနိုင်ပါတယ်"

စကားအဆုံး စက်ဘီးလေးတွန်းကာ ထော့နင်းထော့နင်းနှင့် ကျောခိုင်းထွက်သွားလေတော့သည်။

"တော်တော် ခေါင်းမာတဲ့ကောင်မလေးပဲ"

တော်တော်ဝေးဝေး ရောက်သွားသည်ထိ သိုင်းသစ်လွှမ်း ရပ်ကြည့်နေမိသည်။

ခဏအကြာ လှည့်ထွက်မည့်ဟန်အပြင် ...

"ဟင် ..."

စက်ဘီးလဲကျသွားရာ နေရာလေး၌ ထိုကောင်မလေး ကျကျန်ခဲ့သည့် ဆွဲကြိုးလေး ဖြစ်ဟန်တူသည်။ သိုင်းသစ်ကောက်၍ပေးမည်အပြင် ရှေ့၌ ထိုကောင်မလေး မရှိတော့ပေ။

"ခုနက သူ့နာမည်သူ ပြောသွားတာ ထင်ပါတယ် ... ခက်ဆိုလား ခေတ်ဆိုလား ... ဒီဆွဲကြိုးလေးကလည်း သူ့ပစ္စည်းဖြစ်ဟန်တူတယ်"

အသည်းနှစ်ထပ်ဆွဲသီးလေးထဲ Mသင်္ကေတလေးထည့်ထားသည့် ဆွဲကြိုးလေးအားကြည့်၍ ...

"သူ့အတွက်တော့ အဖိုးတန်မှာပဲ သူသာ ဒီအနီးအနား တစ်ဝိုက်ကပဲဆိုရင် ငါပြန်ပေးဖို့ အဆင်ပြေနိုင်သားပဲ"

ဆွဲကြိုးလေးအား ဘောင်းဘီအိတ်ထဲ စနစ်တကျထည့်၍ ရှေ့ဆက်၍ ပြေးလာလိုက်သည်။

ပြေးလမ်းတစ်လျှောက်၌ ခေါင်းမာလွန်းလှသော သူမ၏ မာကျောကျော ပုံစံလေး မြင်ယောင်မိလာသည်။ ဒူး၌ ဒဏ်ရာရရုံမက လက်၌ပါ ထိခိုက်သွားသေးသည်ကို အကူအညီမယူဘဲ ဇွတ်အတင်း အဆင်ပြေတယ်ဆိုတဲ့ ကောင်မလေး။

"တကယ့်ကျောက်ခဲလေး"

***

အပိုင်း (၂)

"ခက် ... ကျောင်းတူတူသွားရအောင်"

ရှင်စစ်သွေး၏စကားကို ဂရုစိုက်မနေဘဲ လွယ်အိတ်လေးလွယ်၍ အခန်းထဲမှ ထွက်လာသည့် ခက်ခက်။

"ခက် ... ..."

အခန်းတံခါးဝမှရပ်၍ ရှင်စစ်အော်ခေါ်နေသေးသည်မို့ ခက်ခက် အပြေးတစ်ပိုင်း ဆင်းလာလိုက်သည်။

"ဘာဖြစ်ကြတာတုန်းအပေါ်မှာ ဟမ် မိခက် ... ..."

ရှင်စစ်အော်သံလေးကြောင့် လှုပ်လှုပ်ရှာရှား ဖြစ်သွားသော ဒေါ်စန္ဒီစစ်။

"ဘာမှမဖြစ်ပါဘူး မေကြီး"

အနောက်မှ ပြေးလိုက်လာသော ရှင်စစ်။

"မေမေ ... သမီး မခက်နဲ့ ကျောင်းအတူသွားမလို့"

"ရှင်စစ် ... ..."

မိခင်၏ခေါ်သံက တင်းမာနေသည်မို့ ရှင်စစ် ခေတ္တငြိမ်ကျသွားသည်။ သို့သော် ...

"ခက် ..."

"ရှင်စစ် ..."

ရှင်စစ်အား မိခင်ဖြစ်သူမှ တားသော်လည်း ဂရုမစိုက်ဘဲ ခက်၏လက်ကို လာဆွဲသဖြင့် ...

"ရှင်စစ် ... နင်နဲ့ငါ့ရဲ့လမ်းကြောင်းက မတူဘူး ပြီးတော့ ငါ နင်နဲ့လည်း တရင်းတနှီး မနေချင်ဘူး လွှတ်"

ခက်၏ ခပ်တိုးတိုး စကားသံလေးကိုတော့ ဒေါ်စန္ဒီ မကြားရပေ။

ခက်ခက်လမ်းလျှောက်၍ ထွက်သွားသည်ထိ ရှင်စစ်ရပ်၍ ကျန်နေခဲ့သည်။

"အဲဒါ မေမေ့ကြောင့် ... မခက်နဲ့သမီးနဲ့ ဆက်ဆံရေးပျက်ရတာ မေမေ့ကြောင့်"

"ညည်းအသိဝင်စမ်းပါ အသိစိတ်ကပ်စမ်းပါ ... ညည်းကို ရွှေပေါ်မြှတင်ထားမှ ညည်းနောင်ရေး လှမှာပေါ့ ဟမ် ... ... ညည်းက ပြာပုံတိုးချင်လို့လား ဒီမှာရှင်စစ် ... ညည်း ဘာမှအတွန့်မတက်ဘဲ ငါပြောသလိုနေ ငါပြောသလိုလုပ် အားလုံးက ညည်းကောင်းဖို့အတွက်ချည်းပဲ ဆိုတာ ခေါင်းထဲ ရိုက်သွင်းထား ဟုတ်ပြီလား"

ရှင်စစ်မျက်နှာလေး ပျက်သွားရသည်။

"သွား ကားပေါ်တက် ကျောင်းသွားရင် ဒီပုံစံနဲ့မသွားနဲ့ မျက်နှာထားကို ပြင်ထား"

တင်းမာနေသော မျက်နှာကြောကိုလျှော့ကာ ရှင်စစ်အိမ်ထဲမှ ထွက်လာလိုက်သည်။ ကားလေးပေါ် တက်သည့်အထိ ရှင်စစ် မပျော်ရွှင်နိုင်ပေ။

ကျောင်းသွားတိုင်း ကားလေးပေါ်မှ မြင်နေရသည့် လက်လျှောက်သွားနေသော ခက်ခက်အား မြင်တိုင်း အားနာနေမိသည်။

တကယ်ဆို ခက် စည်းစိမ်အားလုံးကို ရှင်စစ်တို့က ရယူထားတာ မဟုတ်

လား။

"တောင်းပန်ပါတယ် ... ငါတို့ရှိမလာခဲ့ရင် နင်ဒီလောက်ထိ ခက်ခဲမှာ မဟုတ်ဘူး ခက် တောင်းပန်ပါတယ်"

စိတ်ထဲ၌ မရေတွက်နိုင်အောင် ခက်အား တောင်းပန်မိသည်မှာ နေ့ရက် တိုင်းလိုလိုပင် ဖြစ်သည်။

"ဟေး ... ရှင်စစ် ... ဒီနေ့ ငါ့အိမ်က သစ်သီးတွေ လာပို့မယ်တဲ့"

အတန်းထဲဝင်သည်နှင့် အုပ်စုဖွဲ့ကာ ပွဲကျတတ်သော ရှင်စစ်ကို ခက် အားကျမိသလို အားလည်းမကျ။ ဒါသည်လည်း မာနဖြစ်လိမ့်မည်ထင်။

ရှင်စစ်အား တစ်ချက်မျှ စောင်းငဲ့ကြည့်ကာ အတန်းပြင်ထွက်ရန် ဟန်ပြင် စဉ် ...

"ခက် ... မုန့်ဈေးတန်း သွားမို့လား"

ရှင်စစ်၏မေးခွန်းကြောင့် ခက် စိတ်ရှုပ်သွားသည်။

တကယ်တော့ ရှင်စစ်ကိုမှ အထူးတလည် မုန်းတီးနေတာမျိုး မဟုတ်ပေ။ အတန်းသူ အတန်းသားများက ခက်အား ရှင်စစ်ကြောင့် အေးစက်သည်ဟု မြင်သည်ကို သဘောမကျခြင်းက စသည့် အစိုင်အခဲတစ်ခု ဖြစ်သည်။

"ခက် ... ငါလိုက်မယ်"

ခက်ခက်၏လက်အား ရှင်စစ်က လှမ်းဆွဲလိုက်သဖြင့် ...

"ဘုန်း ... ဒုန်း ..."

"အား ... ..."

"ဟာ ..."

"ဟယ် ... ..."

ရှင်စစ်၏လက်အား ပုတ်ချ၍ တွန်းလိုက်စဉ် အရှိန်မထိန်းနိုင်ဘဲ ဖရိုဖရဲ လဲကျသွားသော ရှင်စစ်သွေး။

"အ … …"

အတန်းသူ အတန်းသားများ ခက်ခက်အား ကြောက်စရာ သားကောင် သဖွယ် ဝိုင်းကြည့်လာကြသည်။

ထိုထဲ၌ သိုင်းသစ်လွန်းဆိုသည့် ကျောင်းသားလေးပါ ရပ်ကြည့်သည့်ထဲ ပါဝင်နေလေသည်။

"ဟာ ဟို ကျောက်ခဲ … …"

လဲကျနေသည့် ရှင်စစ်အား သိုင်းသစ်လွန်း လက်လေးကမ်း၍ ဆွဲထူလိုက်သည်။

"ထ … …"

"ခက် ဘာဖြစ်လို့ ရှင်စစ်ကို မုန်းနေရတာလဲ မသိဘူးနော် … သူ့အဖေ နောက်မိန်းမရဲ့သမီးဖြစ်ရုံနဲ့ ဒီလောက် မုန်းဖို့ထိလိုလို့လား"

"ဟုတ်ပါရဲ့ … သူ့ကိုမြင်တိုင်း ရှင်စစ် ကြောက်နေတာကိုပဲ တွေ့တယ် သူ ဘာလို့ ဒီလောက်ထိဖြ စ်ရတာလဲ"

အပြစ်ဝိုင်းပြောနေကြသည့် အတန်းသူများအား ကျောခိုင်းကာ ခက် ထွက်လာလိုက်သည်။

"ဟိတ် ခဏ …"

ခက်ခြေလှမ်းတို့က ရပ်တန့်မသွားပေ။

"ဟိတ် … …"

ထိုလူသားလေးက ခက်ရှေ့ပိတ်ရပ်လိုက်တော့မှ ခက် ရပ်တန့်သွားသည်။

"ငါ့ကို မှတ်မိလား"

"အင်း ..."

"ဩော် ... ငါက B တန်းက Aတန်းကို တစ်ခါမှမလာဖူးတော့ စိမ်းနေတာ ပေါ့"

"ခုက ဘာလာလုပ်တာလဲ"

"စာအုပ် လာထပ်တာလေ ... ဒါနဲ့ နင်ဘာဖြစ်လို့ ဟိုကောင်မလေးကို တွန်းလိုက်တာလဲ"

ခက် စုတ်တစ်ချက်သပ်ကာ ထိုကျောင်းသားလေးအားရှောင်၍ ထွက်လာ လိုက်သည်။

"မပြောပြလည်း ဖြစ်ပါတယ် ... ငါ့နာမည်က သိုင်းသစ်လွန်း နင့်နာမည် က"

ထိုကျောင်းသားလေးမှာ ခက်အနားကပ်၍ လိုက်လာပြီး မိမိကိုယ်ကိုယ် မိတ်ဆက်နေလေတော့သည်။

"ခက် ... ..."

"ခက် ဟုတ်လား"

"ခက်ခက်"

"ဩော် ... ခက်ခက် ဒါနဲ့နင့်ဒူးက ဒဏ်ရာကရော သက်သာရဲ့လား"

"အင်း"

"ပြစမ်း"

ပြောပြောဆိုဆိုနှင့် ခက်၏ ထဘီအောက်နားလေး ဆွဲလှန်သဖြင့် ...

"ဟဲ့ ... နင် ဒါဘာလုပ်တာလဲ ငါက မိန်းကလေးနော်"

"အာ … … ဆောရီး ဆောရီး ငါမရည်ရွယ်ပါဘူးဟာ ငါ့စိတ် လောသွားလို့ပါ ဆောရီး ခက် … ငါတမင်လုပ်တာ မဟုတ်ပါဘူး"

"အင်း ငါသိပါတယ်"

မုန့်စျေးတန်းထိ သိုင်းသစ်လွန်းက လိုက်ပါလာခဲ့သည်။ ကျောင်းတက်ချိန်မတိုင်ခင်ထိ ခက်၏ခင်မင်မှုကို အသည်းအသန် ရယူနေသော သိုင်း။

နေ့လယ်ကျောင်းဆင်းချိန် ရောက်သည်နှင့် ခက်၏အတန်းထဲ အပြေးအလွှားဝင်ကာ ခက်ကို ရှာဖွေလေတော့သည်။ တံခါးဝ၌ ရှင်စစ်နှင့် တိုက်မိကာ …

"ဆောရီး … ဩော် မင်း မနက်က လဲသွားတဲ့တစ်ယောက်ပဲ … အဆင်ပြေရဲ့လား"

"ဟုတ် ပြေပါတယ်"

"ဒါနဲ့ ခက်ခက်ကို မင်းသိလား"

"အင်း သိတယ်လေ ဘာဖြစ်လို့လဲဟင်"

"သူ ဘယ်သွားလဲဆိုတာရော သိလား"

"သူက နေ့လယ်စာစားချိန်ဆိုရင် ကျောင်းဥယျာဉ်ဘက် သွားတတ်တယ်…"

ရှင်စစ်ဆက်၍ ပြောမည့်စကားကိုပင် နားမထောင်တော့ဘဲ ထိုကျောင်းသားလေးမှာ ပြေး၍ ထွက်သွားလေတော့သည်။

ပြေးထွက်သွားသည့် ကျောင်းသားလေး၏ကျောပြင်ကိုရပ်၍ ငေးမော ကြည့်နေမိသော ရှင်စစ်။

သိုင်းတစ်ယောက် ကျောင်းဥယျာဉ်ဘက်အရောက် ခက်ခက်အား တွေ့လိုက်ရသည်။ အုတ်ခုံတစ်ခု၌ ထိုင်၍ ဒူးအား ဆေးထည့်နေပုံပေါက်သည်မို့

ခက်နှင့်မျက်နှာချင်းဆိုင်နေရာ၌ ဝင်ရောက်ထိုင်လိုက်သည်။ ခက်၏လက်ထဲမှ နားကျပ်တံလေးယူ၍ ...

"ငါလုပ်ပေးမယ်"

သွက်လက်မြန်ဆန်စွာ ဆေးထည့်နေသည့်နားကျပ်တံလေး လုယူသွားသော သိုင်းအား ခက် ထူးဆန်းစွာ ကြည့်နေမိလေတော့သည်။

"ပေးပါ ဘာလုပ်မလို့လဲ ငါလုပ်နေတာ အဆင်ပြေနေတာပဲ ပေး"

ခက်၏စကားကိုလျစ်လျူရှုကာ ဆေးပုလင်းထဲမှ ဆေးလေးထပ်တို့၍ ခက်၏ ဒူးဒဏ်ရာလေးကို ဆေးထည့်ပေးလိုက်သည်။

"အ ... ..."

"နင်ဆေးမထည့်ဘဲ နေနေတာ မဟုတ်လား ခက် ... ခုထိ ဒဏ်ရာက စိုစိုကြီး ရှိနေသေးတယ်"

"ပေးပါ"

"ကျစ် ... ... နင်အတော် ခေါင်းမာပါလား ဟမ် ... ... ငြိမ်ငြိမ်နေ"

ခက်ဆက်၍ အတွန့်တက်မနေတော့ဘဲ ငြိမ်သက်နေလေတော့ သိုင်းက ဆေးဆက်ထည့်ပေး နေလေတော့သည်။ နာကျင်မှာစိုး၍ လေတဖူးဖူးမှုတ်ကာ ဂရုစိုက်ပေးနေလေတော့သည်။

ကျွန်မ ဒီလိုဂရုစိုက်မှုတွေမရတာ ဘယ်လောက်ထိကြာမှန်းတောင် မမှတ်မိတော့ဘူး။ ဒီသူစိမ်းလေးက ဘာကြောင့်များ ခုလိုနွေးထွေးနေရတာလဲ။

"ကဲ ပြီးပြီ ... ပတ်တီးမစည်းဘူးလား"

"အင်း ... ... တင်းကျပ်ကျပ်ကြီး ဖြစ်နေမှာစိုးလို့"

"ဆေးလေး ဂရုတစိုက်ထည့်ပေးဦး အနာ အရမ်းရင်းသွားမယ်"

"အင်း"

ထိုချိန်မှစ၍ နှစ်ယောက်သား ရောက်တတ်ရာရာ စကားများပြောလိုက်တာ ရယ်ကာမောကာ ဖြစ်သွားလေတော့သည်။

သိုင်းနှင့်ခက်တို့နှစ်ဦး ရယ်မောနေသည်ကို ရှင်စစ် အမှတ်မထင် ကျောင်းအပေါ်ထပ်မှ တွေ့လိုက်ရသည်။

ငါလဲကျချိန်မှာ ကမ်းခဲ့တဲ့လက်ကလေးက ငါဆုပ်ကိုင်ဖို့ မဟုတ်ဘူးတဲ့လား။

***

"ခက် ..."

ကျောင်းဆင်းချိန်၌ပင် ကျောင်းတံခါးဝ၌ ခက်ခက်အား စောင့်ဆိုင်းနေသည့် သိုင်း။

"အတူတူပြန်မယ် ငါတို့လမ်း တူနေတာပဲ"

"အင်း"

သိုင်းနှင့်ခက် လမ်းအတူတူလျှောက်လာသည်ကို ကားပေါ်မှ ရှင်စစ် မြင်တွေ့လိုက်ရသည်။ လည်ပြန်ပြန်ကြည့်ကာ ခက်၏ကံကို မနာလို ဖြစ်နေမိတော့သည့် ရှင်စစ်။

ခက်တစ်ယောက်ကတော့ အရယ်အပြုံးနည်းသလောက် သိုင်းနှင့်စသိလိုက်တဲ့အချိန်ကစ ရယ်ပြုံးလာမိသည်ကို သတိထားမိလာသည်။

အထီးကျန်ကျန် အိမ်ပြန်လမ်းကို ဘယ်လောက်ကြာသည်ထိ တစ်ယောက်တည်း လျှောက်နေမှန်း မသိတော့ပေ။ အနား၌ ခုလိုအဖော်ပြုပေးနေသော သိုင်းအား ခက် ငေးမော ကြည့်နေမိလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

"ဘာကိုလဲ"

ရုတ်တရက် ခက်၏ ကျေးဇူးတင်စကားကြောင့် သိုင်း ကြောင်အမ်းအမ်းလေး ဖြစ်သွားသည်။

"ဟင့်အင်း"

အတူလျှောက်ခဲ့ရသော ဒီညနေ အိမ်ပြန်ချိန်လေးကို ဖန်အိမ်ထဲ အလှပိတ် သတိရတိုင်းသာ ထုတ်ကြည့် နေချင်မိတော့တယ်။ ထိုအခိုက်အတန့်လေးက ဤမျှ လှပရပါတယ်။

တစ်နေရာအရောက် လမ်းလေးခွဲကာ ခက် ပြန်လာခဲ့လိုက်သည်။

"မိခက် ..."

"ရှင် ..."

"ကားရေဆေးထား မနက်ဖြန် အစည်းအဝေးသွားဖို့ရှိတယ်"

"ဟုတ်"

အပေါ်ထပ် အမြန်တက်ကာ ခက် အဝတ်အစား လဲလိုက်သည်။

"ခက်"

စာရေးနေရာမှ လှည့်လာသော ရှင်စစ်။

"ဩော် ဆောရီး မနက်က တွန်းမိလိုက်တဲ့အတွက်"

ခက်၏ တောင်းပန်စကားလေးကြောင့် ရှင်စစ် ပြုံးမိသွားသည်။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး ... ဒါနဲ့ ခက်"

"... ..."

ခက် မေးဆတ်ပြလာသဖြင့် ရှင်စစ် စကားစလာသည်။

"ဟို ... ညနေက ခက်နဲ့အတူ ပြန်လာတဲ့သူက ဘယ်သူလဲ"

"B တန်းက"

ပြောပြောပြီးပြီး အခန်းထဲမှ ထွက်လာသော ခက်။

အောက်ရောက်သည်နှင့် ကားရေဆေးရန် ပြင်ဆင်လိုက်သည်။ ရေပန်းလေးဖွင့်ကာ ဦးစွာ ဖုန်များ ပြောင်စင်စေရန် ဆေးချ၍ ဆပ်ပြာ ရေဖျန်းလိုက်သည်။

ခက်တစ်ယောက် ကားရေဆေးနေစဉ် ဒန်းပေါ်၌ ရှင်စစ် စာကျက်နေလေသည်။

"ခက် ... ခက်"

ခပ်တိုးတိုး ခေါ်သံတစ်ခုကြောင့် ကားရေဆေးနေရာမှ ခက် လှည့်ကြည့်မိလာသည်။

"သိုင်းသစ်လွန်း ..."

စက်ဘီးလေးပေါ်မှ လက်ယပ်ခေါ်သဖြင့် ခက် ထွက်လာလိုက်သည်။

"ငါတို့ ညနေခင်း စက်ဘီး လျှောက်စီးရအောင်"

"ငါ မအားသေးဘူး ကားရေဆေးရဦးမှာ"

"ငါကူပေးမယ်လေ"

"နေပါစေ နင့်အင်္ကျီတွေ စိုကုန်ပါလိမ့်မယ် ... နင်ပဲ သွားလိုက်တော့လေ ငါမလိုက်တော့ဘူး"

"နင်နဲ့အတူသွားဖို့ထွ က်လာတာငါက ... ဒါဆို ငါစောင့်နေမယ်လေ ရလား"

"ကဲ ပြောမရလဲစောင့်တော့ နော်"

သိုင်း ခေါင်းလေး ဆတ်ခနဲညိတ်ကာ စက်ဘီးလေးနံရံကပ်၍ ရပ်စောင့်

နေလေတော့သည်။ ဒန်းလေးပေါ်မှ ကြည့်နေသော ရှင်စစ်။

ခက်တစ်ယောက် ကားရေဆေးပြီးသည်နှင့် အင်္ကျီအမြန်လဲကာ စက်ဘီးလေးယူ၍ ထွက်လာလိုက်သည်။

"သွားမယ် ... စောင့်ရတာ ကြာသွားလား"

"ဟင့်အင်း ... ခဏပါပဲ"

စက်ဘီးလေးနှစ်စီး ယှဉ်၍ ထွက်သွားသည်ကို တံခါးဝမှရပ်၍ ကြည့်နေသော ရှင်စစ်။ ရှင်စစ်ဘက်ကသာ သတိတွေထားမိနေသလောက် ထိုလူသားလေးကတော့ ရှင်စစ်ကိုရှိသည်ဟုပင် ထင်ပုံမရပေ။

ခက်ရဲ့ဖြစ်တည်မှုလေးကို အားကျမိသည်။ ခက်ကိုပြုံးရယ်အောင် လုပ်ပေးနိုင်စွမ်းသော ထိုလူသားလေး၏ခင်မင်မှုကို ရှင်စစ် လိုချင်မိသည်။

တပ်မက်မိပြီ...။

***